## ARISE Plus Myanmar စီမံကိန်းမှ ပံ့ပိုးကူညီပေးမယ့် သီးနှံအမယ်များနှင့် ပဲမျိုးစုံအမယ်များ ရွေးချယ်ခြင်းဆိုင်ရာ အွန်လိုင်း Zoomဆွေးနွေးပွဲများကျင်းပပြီးစီး

မြန်မာနိုင်ငံ၏ကုန်သွယ်မှုအမျိုးအစားများတိုးပွားလာရေးနှင့်အာဆီယံဒေသ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဈေးကွက်များ ပေါင်းစည်းရေးဆိုင်ရာ ဥရောပသမဂ္ဂ၏ အကူအညီဖြင့် ASEAN Regional Integration Support– Myanmar Trade Related Technical Assistance (ARISE Plus Myanmar) ၏ Output– 1 တွင် ပါဝင်သော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍနှင့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍတို့ဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်လျှောက် ဆန်းစစ်လေ့လာခြင်းနှင့် ရည်မှန်းထားသောဈေးကွက်များအတွက် သီးနှံအမယ်များနှင့် ပဲမျိုးစုံအမယ်များရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ၂၀၂၀ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့နှင့် ဇူလိုင်လ ၂ ရက်နေ့ တို့တွင် Output– 1 ၏ Focal အဖြစ် တာဝန်ယူထားသော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာဌာနများ၊ အဓိကဆက်စပ်လုပ်ကိုင်သူများ၊ အသင်းအဖွဲ့များနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန(ITC) တို့ကို ဦးဆောင်၍ အွန်လိုင်း Zoom ဆွေးနွေးပွဲများကျင်းပ၍ ရွေးချယ်ခဲ့ပါသည်။

ဆွေးနွေးပွဲများက သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ အတွက် နာနတ်သီး၊ ထောပတ်သီးနှင့် သရက်သီးတို့ကို ဦးစားပေးသီးနှံအဖြစ် လည်းကောင်း၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍအတွက် ကုလားပဲ၊ ပဲစဉ်းငုံနှင့် နှမ်းတို့ကို ဦးစားပေးအမယ်များအဖြစ် လည်းကောင်း ရွေးချယ်ခဲ့ကြပါသည်။

ဦးစားပေး ရွေးချယ်ထားသော သီးနှံများနှင့် အမယ်တို့ကို စိုက်ပျိုးထုတ်လုပ်တင်ပို့နေသော အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ကို ရွေးချယ်ပြီး Business/ Export Plan ရေးဆွဲခြင်း၊ နိုင်ငံတကာ စံချိန်စံနှုန်းမီ ထုတ်ပိုးခြင်း၊ တံဆိပ်တပ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်းစသည့် စွမ်းရည်များကို လေ့ကျင့်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အဆိုပါ သီးနှံများနှင့်အမယ်များအတွက် ရည်မှန်းထားသော ဈေးကွက်များ၏ နိုင်ငံတကာ ကုန်သွယ်သူများအကြိုက် လိုအပ်ချက်များနှင့် ကိုက်ညီသော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် အရည်အသွေးဆိုင်ရာ ထောက်ခံချက်များ ရရှိစေရန် ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသနိုင်စေရန် ပံ့ပိုးပေးခြင်း၊ နိုင်ငံတကာကုန်ဝယ်သူများနှင့် ချိတ်ဆက်ပေးခြင်းနှင့် စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်နိုင်အောင် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းကောင်းတင်ပြ လိုက်ရပါသည်။

**NES Unit**


Linn M. Maung

